ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

ရက်စွဲ၊ ၂၀၂၁ ခုနှစ်၊ ဇူလိုင်လ ၆ ရက်

**ညွှန်ကြားချက်အမှတ် ( ၁၀ /၂၀၂၁)**

အကြောင်းအရာ။ **ညွှန်ကြားချက်အမှတ် (၃/၂၀၁၈) အား ပြင်ဆင်ခြင်းကိစ္စ**

ရည်ညွှန်းချက်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ (၂၃.၈.၂၀၁၈) ရက်စွဲပါ ညွှန်ကြားချက် အမှတ် (၃/၂၀၁၈)

ရည်ညွှန်းပါစာဖြင့် ထုတ်ပြန်ခဲ့သည့် USD/MMK CURRENCY SWAP Facility ဆိုင်ရာ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ညွှန်ကြားချက်အမှတ် (၃/၂၀၁၈) တွင် ဖော်ပြပါ အပိုဒ်ခွဲ (ဆ) နှင့် (ဠ) တို့အား အောက်ပါအတိုင်း ဖြည့်စွက်ပြင်ဆင်လိုက်သည်-

( ဆ ) မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ဘဏ်မှ သဘောတူညီကြောင်း အကြောင်းကြားချက် ရရှိသည်နှင့်တစ်ပြိုင်နက် သက်ဆိုင်ရာဘဏ်၏ Nostro စာရင်းသို့ အမေရိကန်ဒေါ်လာထည့်သွင်းပေးမည်ဖြစ်ပြီး၊ ၎င်းနှင့်ညီမျှသည့် မြန်မာကျပ်ငွေအား စာချုပ်ပါ သတ်မှတ်ထားသည့် ငွေလဲလှယ်နှုန်းဖြင့် တန်ဖိုးသင့်၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ရှိ သက်ဆိုင်ရာဘဏ်၏ မြန်မာကျပ်ငွေစာရင်းမှ နုတ်ယူမည်ဖြစ်သည်။ အထူးကိစ္စရပ်များတွင် CBM အနေဖြင့် မြန်မာကျပ်ငွေအပြင် တန်ဘိုးညီမျှသည့် အခြားရရန်ပိုင်ခွင့်များကိုလည်း ခွင့်ပြုနိုင်သည်။

(ဠ) ဘဏ်သည် ၎င်း၏ ငွေရေးကြေးရေးအားကောင်းမှုနောက်ဆုံးအခြေအနေအား SWAP Facility ရယူထားသည့်ကာလအတွင်း စောင့်ကြည့်ထိန်းကျောင်းနိုင်ရန် အောက်ဖော်ပြပါ အချက်အလက်များအား ဘဏ်လုပ်ငန်းကြီးကြပ်စစ်ဆေးရေးဌာနသို့ တင်ပြရမည်-

- ဘဏ်၏ပြည်တွင်း၊ ပြည်ပနိုင်ငံခြားငွေ လက်ကျန်အခြေပြဇယား (Foreign Exchange Position Including Nostro A/C) ၊
- Net Open Position အခြေပြဇယား၊
- နိုင်ငံခြားငွေအရ/ အသုံးဆောင်ရွက်မှုများ (Foreign Exchange Receipts and Payments)၊

- မတည်ရင်းနှီးငွေလုံလောက်မှုအချိုး (Capital Adequacy Ratio)၊
- သီးသန့်ငွေလိုအပ်ချက်အချိုး (Reserve Requirement Ratio)၊
- ငွေဖြစ်လွယ်မှုအချိုး(Liquidity Ratio)၊

(ပုံ)xxxxxxxxxxxxx

ဒုတိယဥက္ကဋ္ဌ (ကိုယ်စား)

( ခိုင်ရွှေဝါ ၊ ညွှန်ကြားရေးမှူးချုပ်)

**ဖြန့်ဝေခြင်း**

နိုင်ငံခြားသုံးငွေများရောင်းဝယ်ဖောက်ကားသည့် လုပ်ငန်းလိုင်စင်ရဘဏ်များအားလုံး

မိတ္တူကို

ဥက္ကဋ္ဌရုံး၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်

ဒုတိယဥက္ကဋ္ဌများ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်

ညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်

ရုံးလက်ခံ

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## မြန်မာနိုင်ငံတော်ဗဟိုဘဏ်

ရက်စွဲ၊ ၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၂၃ ရက်

### ညွှန်ကြားချက်အမှတ် ( ၃ /၂၀၁၈)

အကြောင်းအရာ။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်နှင့် နိုင်ငံခြားသုံးငွေများရောင်းဝယ် ဖောက်ကားသည့် လုပ်ငန်းလိုင်စင်ရဘဏ်များအကြား USD / MMK CURRENCY SWAP Facility ဆောင်ရွက်ရန်ကိစ္စ

နိုင်ငံခြားသုံးငွေများ ရောင်းဝယ်ဖောက်ကားသည့် လုပ်ငန်းလိုင်စင်ရဘဏ်များ (Authorized Dealer –A.D. Banks) အနေဖြင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်နှင့် Bilateral USD / MMK SWAP Facility ကိုရယူရာတွင် အောက်ပါလုပ်ငန်းစဉ်များအတိုင်း လိုက်နာဆောင်ရွက်ရန် ညွှန်ကြားလိုက်သည် -

(က) A.D. လိုင်စင်ရဘဏ်အနေဖြင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်သို့ SWAP Facility ရယူလိုကြောင်း ဦးစွာတင်ပြပြီးနောက် Bilateral USD/MMK SWAP Agreement ကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်နှင့် A.D လိုင်စင်ရ ဘဏ်တစ်ခုချင်းအကြား နှစ်ဖက်လက်မှတ်ရေးထိုး၍ SWAP Facility ရယူထားရန်ဖြစ်သည်။

(ခ) SWAP Facility မှာ ၁၄ ရက်နှင့် ၃၀ ရက် အသီးသီးဖြစ်သည်။

(ဂ) SWAP Facility မှ Drawing ရယူလိုပါက Trade Date မတိုင်မီတစ်ရက်အလို (T-1) နံနက် (၁၀:၀၀) နာရီမတိုင်မီ ပူးတွဲပါ SWIFT Message ပုံစံဖြင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်သို့ ပေးပို့ရန်ဖြစ်သည်။

(ဃ) မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ အမေရိကန်ဒေါ်လာအပေါ်တွင် ၁၄ ရက်အတွက် LIBOR + 1 % နှင့် ၃၀ ရက်အတွက် LIBOR + 1.5 % ဖြင့် အတိုးနှုန်း သတ်မှတ်ကောက်ခံမည်ဖြစ်သည်။ ဘဏ်များမှ မိမိတို့၏ Drawing Request အား အပိုဒ် (ဂ) ပါ SWIFT ဖြင့် ပေးပို့ရာတွင် မိမိတို့ရယူလိုသည့် အမေရိကန်ဒေါ်လာပမာဏ၊ သက်တမ်းနှင့် မြန်မာကျပ်ငွေအပေါ်ပေးမည့် အဆိုပြုအတိုးနှုန်းတို့ကို ဖော်ပြရန်ဖြစ်သည်။

(င) ဘဏ်များမှ တင်ပြလာသည့် Drawing Request ပါ SWAP Facility ပမာဏ၊ သက်တမ်းနှင့် မြန်မာကျပ်ငွေအပေါ်ပေးမည့် အဆိုပြုအတိုးနှုန်းတို့ အပေါ်မူတည်၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ဆုံးဖြတ်ဆောင်ရွက်ပေးမည် ဖြစ်သည်။

(စ) မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ SWAP Result အား သက်ဆိုင်ရာဘဏ်သို့ SWIFT Message နှင့် CBM-NET Messaging တို့ဖြင့် ပြန်ကြားမည် ဖြစ်ပြီး သက်ဆိုင်ရာဘဏ်မှလည်း သဘောတူညီကြောင်း အဆိုပါနည်းလမ်းများအတိုင်း အကြောင်းပြန်ကြားရန်ဖြစ်သည်။

(ဆ) မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ဘဏ်မှ သဘောတူညီကြောင်း အကြောင်းကြားချက် ရရှိသည်နှင့်တစ်ပြိုင်နက် သက်ဆိုင်ရာဘဏ်၏ Nostro စာရင်းသို့ အမေရိကန် ဒေါ်လာ ထည့်သွင်းပေးမည်ဖြစ်ပြီး၊ ၎င်းနှင့်ညီမျှသည့် မြန်မာ ကျပ်ငွေအား စာချုပ်ပါ သတ်မှတ်ထားသည့် ငွေလဲလှယ်နှုန်းဖြင့် တန်ဖိုးသင့်၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ရှိ သက်ဆိုင်ရာဘဏ်၏ မြန်မာကျပ်ငွေစာရင်းမှ နုတ်ယူမည်ဖြစ်သည်။

(ဇ) SWAP ၏ သက်တမ်းစေ့ရောက်သည့်နေ့တွင် သက်ဆိုင်ရာဘဏ်သည် ဗဟိုဘဏ်မှ သတ်မှတ်ထားသည့် Nostro စာရင်းသို့ အမေရိကန်ဒေါ်လာ အရင်းနှင့် အတိုးတို့အား Drawing Request ပါသဘောတူညီခဲ့သည့် အတိုးနှုန်းဖြင့် ပြန်လည်ထည့်သွင်းပေး ရန်ဖြစ်ပြီး၊ ဗဟိုဘဏ်မှလည်း မူလရယူထားခဲ့သည့် အမေရိကန်ဒေါ်လာနှင့် ညီမျှ သည့် မြန်မာကျပ်ငွေအရင်းနှင့် အတိုးတို့အား မြန်မာနိုင်ငံတော်ဗဟိုဘဏ်ရှိ ဘဏ်၏ မြန်မာကျပ်ငွေစာရင်းသို့ ပြန်လည်ထည့်သွင်းပေးမည်ဖြစ်သည်။

(ဈ) အကယ်၍ သက်ဆိုင်ရာဘဏ်သည် သတ်မှတ်ထားသည့် SWAP ၏ သက်တမ်း မစေ့ရောက်မီ ရယူထားခဲ့သည့် အမေရိကန်ဒေါ်လာပမာဏ အားလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းကိုဖြစ်စေ ပြန်လည်ပေးဆပ်လိုပါက မြန်မာနိုင်ငံတော်ဗဟိုဘဏ်သို့ (၁)ရက် ကြိုတင်အကြောင်းကြားရန်ဖြစ်ပြီး၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ Nostro စာရင်းသို့ (T+1) နေ့ဖြင့် ထည့်သွင်း ပေးရန်ဖြစ်သည်။ ၎င်းအပြင် ထည့်သွင်းပြီး ကြောင်း အကြောင်းကြားစာအား SWIFT ဖြင့် ပေးပို့ရန်ဖြစ်သည်။

(ည) မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ဘဏ်၏ အကြောင်းကြားစာရရှိပြီးနောက် (T+1) နေ့တွင် ၎င်းနှင့်ညီမျှသည့် မြန်မာကျပ်ငွေအရင်းနှင့်အတိုးအား မြန်မာနိုင်ငံတော် ဗဟိုဘဏ်ရှိ ဘဏ်၏ မြန်မာကျပ်ငွေစာရင်းသို့ ပြန်လည်ထည့်သွင်းပေးမည်ဖြစ် သည်။

(ဋ) ဘဏ်သည် အပိုဒ် (ဂ) အရ Drawing Request ပြုလုပ်ချိန်တွင် အောက်ဖော်ပြပါ ငွေကြေးဆိုင်ရာ နောက်ဆုံးအခြေအနေဖော်ပြသည့် အချက်အလက်များအား <u>**SWAP Facility ရယူထားသည့်ကာလအတွက်**</u> သတ်မှတ်ပုံစံဖြင့် နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှု ဌာနမှတစ်ဆင့် တင်ပြရန်ဖြစ်သည်-

- ဘဏ်၏ပြည်တွင်း၊ ပြည်ပနိုင်ငံခြားငွေ လက်ကျန်အခြေပြဇယား (Foreign Exchange Position Including Nostro A/C)၊
- Net Open Position အခြေပြဇယား၊
- နိုင်ငံခြားငွေအရ/ အသုံးဆောင်ရွက်မှုများ (Foreign Exchange Receipts and Payments)၊
- မတည်ရင်းနှီးငွေလုံလောက်မှုအချိုး (Capital Adequacy Ratio)၊
- သီးသန့်ငွေလိုအပ်ချက်အချိုး (Reserve Requirement Ratio)၊
- ငွေဖြစ်လွယ်မှုအချိုး (Liquidity Ratio)၊

(၄) မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် SWAP Facility အား မည်သည့်အကြောင်းကြောင့် မဆို အချိန်မရွေးရပ်ဆိုင်းနိုင်ခွင့်ရှိသည်။

(၃) SWAP Facility ရယူထားသည့် သက်ဆိုင်ရာ AD လိုင်စင်ရဘဏ်အနေဖြင့် SWAP Agreement နှင့် Transaction ဆိုင်ရာ သတင်းအချက်အလက်များအား လျှို့ဝှက်အဆင့်ဖြင့် ထိန်းသိမ်းရန်ဖြစ်သည်။

(လက်မှတ်) ၁၃.၈.၂၀၁၉

ဒုတိယဥက္ကဋ္ဌ (ကိုယ်စား)
( မြင့်မြင့်ကြည် ၊ ညွှန်ကြားရေးမှူးချုပ်)

ဖြန့်ဝေခြင်း

နိုင်ငံခြားသုံးငွေများရောင်းဝယ်ဖောက်ကားသည့် လုပ်ငန်းလိုင်စင်ရဘဏ်များအားလုံး

မိတ္တူကို

ဥက္ကဋ္ဌရုံး၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်
ဒုတိယဥက္ကဋ္ဌများ၊မြန်မာနိုင်ငံတော်ဗဟိုဘဏ်
ညွှန်ကြားရေးမှူးချုပ်များ
မြန်မာနိုင်ငံတော်ဗဟိုဘဏ်
ရုံးလက်ခံ